# ကြိုး ကြောက်တဲ့ နအဖ

၂၀၀၈ ခုနှစ်မေလ (၃)ရက်က မြန်မာနိုင်ငံမှာ တိုက်ခတ်သွားတဲ့ နာဂစ်စ် ဆိုင်ကလုန်း မုန်တိုင်းကြောင့် ကယ်ဆယ်ရေးနဲ့ ပြန်လည်တည်ဆောက်ရေးတွေလုပ်ဖို့ဆိုပြီး နိုင်ငံတကာက အမေရိကန်ဒေါ်လာ သန်း (၁၅၀)ကျော်ဖိုး အကူအညီတွေပေးမယ်လို့ ကတိပြုလိုက်ကြပါတယ်။ ဒီကိစ္စကို နိုင်ငံတကာ အလှူရှင် တွေနဲ့ နအဖ အာဏာပိုင်တို့ဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ (၂၅-၅-၂၀၀၈)က ရန်ကုန်မှာ ကွန်ဖရင့်အဆင့် တရက်တာ တွေ့ဆုံညှိနှိုင်းခဲ့ကြပါတယ်။ နိုင်ငံတကာ အလှူရှင်တွေကတော့ နိုင်ငံခြားတိုင်းပြည်တွေနဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေ ဖြစ်ပြီး စုစုပေါင်း (၅၀) ကျော် ပါဝင်ပါတယ်။

တရက်တာ ကွန်ဖရင့်ကတော့ ပြီးသွားပါပြီ။ အလှူရှင်တွေဟာ မုန်တိုင်းဒဏ် ပြင်းပြင်းထန်ထန် ခံလိုက် ရတဲ့ မြစ်ဝကျွန်းပေါ်လို ဒေသတွေကို ရောက်အောင်သွားနိုင်မယ် ဆိုမှသာ ထောက်ပံ့ ကူညီတာတွေ ပေးမှာဖြစ်တယ်လို့ တောင်းဆိုထားပါတယ်။ သွားလို့မရရင် အဲဒီအထောက်အပံ့တွေကို နအဖ လက်ထဲ မထည့်ဘူးလို့ အဓိပ္ပာယ်ရပါတယ်။

နိုင်ငံတကာ အလှူရှင်တွေက တောင်းဆိုထားတဲ့အတိုင်း နအဖ ခေါင်းဆောင်ကြီးတွေက လိုလို လားလား လိုက်လျောဖို့ ဆန္ဒရှိသလားဆိုတာကတော့ အဲဒီကွန်ဖရင့်မှာ မသိခဲ့ရပါဘူး။ မြန်မာဘက်က တက်ရောက်လာသူတွေက နောက်ဆုံး အဆုံးအဖြတ်ပေးမယ့် ခေါင်းဆောင် အကြီးဆုံးဆီကို တင်ပြပြီး အဆုံးအဖြတ် ရယူဦးမှာ ဖြစ်ပါတယ်။

အနည်းဆုံးတော့ နအဖ ခေါင်းဆောင်ကြီးဆီက ခွင့်ပြုမိန့်ရတဲ့အထိ စောင့်နေရဦးမှာ ဖြစ်ပါတယ်။ ခွင့်ပြုမိန့် ရမှ သက်ဆိုင်ရာ အလှူရှင်တွေကို အကြောင်းကြား၊ အဲဒီတော့မှ အလှူရှင်တွေက မြန်မာ နိုင်ငံထဲ ဝင်ဖို့ ဗီဇာစောင့်၊ ဗီဇာရမှ ရန်ကုန်ကိုလာ၊ ပြီးမှ မြစ်ဝကျွန်းပေါ်ဘက်ကို ထွက်၊ ဘယ်နှစ်ရက်ကြာအောင် စောင့်ရမှန်းမသိနိုင်တဲ့ ဒီကြားထဲမှာ သောက်စရာ၊ စားစရာနဲ့ ဆေးကုသ တာတွေ ပြတ်လပ်ပြီး လေဘေးဒုက္ခသည်တွေ တဖြုတ်ဖြုတ် ထပ်သေရဦးမှာပဲ ဖြစ်တယ်။ နအဖက ဘယ်လောက်ကြာမှ ဆုံးဖြတ်ပြီး ဘယ်တော့လောက်မှ အကြောင်းပြန်မယ်ဆိုတာ မသဲမကွဲပါပဲ။

တကယ်တော့ နအဖ တောင်းတာက အမေရိကန်ဒေါ်လာ (၁၁.၁)ဘီလျံပါ။ ငွေသားချည်း သက်သက် လိုချင်ပုံ ရပါတယ်။ တကယ်တမ်း ရမှာက ဒေါ်လာ သန်း (၁၅၀)ဖိုး ကယ်ဆယ်ရေး ပစ္စည်းတွေသာ ဖြစ်ပြီး အဲဒါကလည်း ကတိခံဝန်ချက်နဲ့ လုပ်ရမယ့် ကိစ္စဖြစ်နေပါတယ်။ နအဖ ခေါင်းဆောင်ကြီးက သိပ်ပြီးတော့ စိတ်ဝင်စားမယ့်ပုံ မရှိလှပါဘူး။

တိုင်းပြည်အတွက်ရော၊ ဒုက္ခရောက်နေတဲ့ သူတွေအတွက်ပါ သိပ်ကို အရေးတကြီး ဖြစ်နေချိန်မျိုးမှာ နအဖ အာဏာပိုင်တွေဟာ ဆုံးဖြတ်စရာတောင်မလိုပဲ ချက်ချင်းလက်ငင်း အဖြေပေးလိုက်ရမှာ ဖြစ်ပေ မယ့် မဆီမဆိုင် အကြောင်းတရားတွေနဲ့ အချိန်ဆွဲလိုက်ပြန်ပါပြီ။ အလှူရှင်တွေအနေနဲ့ အတော့်ကို ကြိတ်မှိတ်ပြီး စိတ်ပျက်လက်ပျက် ဖြစ်သွားမှာပါပဲ။ တချိန်တည်းမှာပဲ ကယ်ဆယ်ရေး အကူအညီတွေ အမြန်ဆုံး ရလိုရငြား မျှော်လင့်စောင့်စားနေတဲ့ ဒုက္ခသည်တွေအတွက်လည်း မတွေးဝံ့စရာ စိတ်မကောင်းစရာပါပဲ။

မုန်တိုင်းဒဏ်ခံလိုက်ရတဲ့ မြန်မာပြည်သူတွေဟာ အဝတ်တထည် ကိုယ်တခုနဲ့ အသက်လု ထွက်ပြေးရ တာဖြစ်လို့ အစာရေစာ ရှားပါးပြတ်လပ်နေတာ၊ နေစရာ အိုးအိမ်မရှိတာ၊ ကျန်းမာရေး ဆေးကုသ ခံယူဖို့ မရှိတာ၊ မိသားစုတွေ သေကွဲ ရှင်ကွဲ ကွဲနေရတာတွေကို တကမ္ဘာလုံး သိနေကြပါတယ်။

လေမုန်တိုင်းဒဏ်ကို လူပေါင်း နှစ်သန်းခွဲလောက် ခံလိုက်ရမယ်လို့ ကုလသမဂ္ဂက ခန့်မှန်းထားပါ

တယ်။ အဲဒီအထဲမှာ သေလုမျောပါး ဖြစ်နေသူတွေ ထောင်သောင်းချီပြီး ရှိနေနိုင်ပါတယ်။ ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းတွေ၊ ဆေးပစ္စည်းတွေ တရက် တနာရီ တမိနစ်စောပြီး ရောက်လာမယ်ဆိုရင် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ပါမယ်။

ဒီတော့ နအဖ ခေါင်းဆောင်တွေက ပြောလာမယ့်စကားကို ဟုတ်နိုးနိုးနဲ့ စောင့်နေတာဟာ လူ့အသက်ပေါင်းများစွာကို စတေးပစ်လိုက်သလို ဖြစ်သွားနိုင်ပါတယ်။ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတွေ ကောင်းကျိုးစီးပွားအတွက် သူတို့ဟာ ဘယ်တော့မှ မလုပ်ခဲ့ဘူးဆိုတာ လွန်ခဲ့တဲ့ နှစ် (၂၀)လုံးလုံး အထင်အရှား သက်သေပြခဲ့ပြီးပါပြီ။ နောင်လည်းလုပ်ဖို့မရှိဘူးဆိုတာ ဆိုင်ကလုန်းကပ်ဘေးကြီးထဲက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို မဖြစ်ဖြစ်အောင် ကလိန်ကကျစ် ကျင်းပသွားကတည်းက ထပ်ဆင့်အဖြေထွက်ပြီးနေပါပြီ။

ဒါကြောင့် မြန်မာလူမျိုးတွေရော နိုင်ငံတကာကပါ လုပ်သင့်တာမှန်ရင် အချိန်မဆိုင်းပဲ ပြတ်ပြတ်သားသား လုပ်ကြဖို့ တကယ့်ကို လိုအပ်နေပါပြီ။ ကမ္ဘာလောကကြီးကို ပိုမိုကောင်းမွန်စေချင်တယ်ဆိုရင် သင်ခန်းစာကောင်း ပေးမှ ဖြစ်မယ့်ကိစ္စတွေလည်း ရှိရပါမယ်။

အာဏာရှင်တဦးကို နိုင်ငံသားတွေသာမက တကမ္ဘာလုံးကပါ ဝိုင်းဝန်းဒူထောက်ရမယ့် အဖြစ်ကို လက်ပိုက်ကြည့်နေဦးမယ်ဆိုရင် ဒီကမ္ဘာမှာ အာဏာရှင် မျိုးဆက်သစ်တွေ တိုးပွားလာပါလိမ့်မယ်။

နာဂစ်စ် ဆိုင်ကလုန်း မုန်တိုင်းကြောင့် ဘယ်လောက်တောင် ဆိုးဆိုးဝါးဝါး ပျက်စီးသေကြေပြီး ဒုက္ခတွေ ရောက်နေရပြီလဲ ဆိုတာ မြန်မာအာဏာပိုင် ခေါင်းဆောင်တွေလည်း သိကြမှာပါ။ တကယ်ဖြစ်နေတဲ့နေရာတွေကို သွားမကြည့်ဖြစ်ရင်တောင် တွေးကြည့်နိုင်ပါတယ်။ ကိုယ်ချင်းစာစိတ်နဲ့ ဂရုဏာသက်သင့်ပါတယ်။ ခေါင်းဆောင်စိတ်ဓါတ် ထားသင့်ပါတယ်။ အမိန့်ပေးနိုင်မှ ခေါင်းဆောင် ပီသတာ မဟုတ်ပါဘူး။ နောက်လိုက်ငယ်သားတွေကို ငဲ့ညှာသနား အနစ်နာခံပေးတာကလည်း ခေါင်းဆောင်အရည်အချင်း တရပ်ပါ။

တကယ်တော့ ခေါင်းဆောင် အရည်အချင်း မရှိ၊ မျိုးချစ်စိတ်-တိုင်းပြည်ချစ်စိတ် မရှိ၊ သနားညှာတာမှု မရှိ၊ ကိုယ်ကျိုးတခုတည်းကိုသာ မရမက ရယူပြီး လူလူချင်း အနိုင်ကျင့်နေတာဟာ လက်နက်ကိုင် လုယက်နေတဲ့ ဓါးပြဂိုဏ်းလိုပါပဲ။

မြန်မာလူမျိုးစစ်စစ် အာဏာရှင် ခေါင်းဆောင်ကြီးတွေဆီကို လက်ဆင့်ကမ်းပေးလို့များ ရခဲ့ရင် သူတို့ မြင်ဖူးသွားအောင် ကြုံတုန်းကြုံခိုက် နာဂစ်စ် ဆိုင်ကလုန်း လေဘေးဓါတ်ပုံ နည်းနည်း ဖော်ပြပေးလိုက်ပါတယ်။ အင်တာနက်ပေါ်မှာ တကမ္ဘာလုံးက မြင်တွေ့ထားတဲ့ ဓါတ်ပုံတွေပါ။









ဆိုင်ကာလုန်းမုန်တိုင်းဒဏ် ခံလိုက်ရတဲ့ ဒုက္ခသည်တွေဟာ မြန်မာလူမျိုးတွေပါ။ တနိုင်ငံလုံးက မြန်မာလူမျိုးတွေ စားသောက်နိုင်ဖို့သာမက နိုင်ငံခြားဝင်ငွေရအောင် စပါးစိုက်ပျိုးပေးနေတဲ့သူတွေ၊ ရေချိုရေငန်ငါး ရောင်းချသူတွေ၊ တိုင်းပြည်ကို အခွန်ဘဏ္ဍာတွေ ပေးဆောင်နေသူတွေပါ။ သူတို့ဒုက္ခရောက်နေကြတာကို သိသိနဲ့ ကိုယ်ချင်းမစာနာ၊ လစ်လျူရှု မနေသင့်ပါဘူး။

တကယ်ဆိုရင် ဒီကွန်ဖရင့်ကို ဗိုလ်ချုပ်သန်းရွှေတို့ ဗိုလ်ချုပ်မောင်အေးတို့ပါ တက်သင့်ပါတယ်။ တခါတည်း ပြောဆိုဆွေးနွေးပြီး နိုင်ငံတကာနဲ့ ရှေ့ဆက် လက်တွဲလုပ်ကြဖို့ အစီအစဉ်တွေကို အမြန်ဆုံး တိုင်ပင် စီစဉ်သင့်ပါတယ်။

သူတို့နစ်ယောက်အစား နအဖ ဝန်ကြီးချုပ် ဗိုလ်ချုပ်သိန်းစိန် တက်ရောက်လာခဲ့ပေမယ့် စက်ရုပ်ထဲမှာ အသံလွှင့်စက် ထည့်ပေးလိုက်သလိုပါပဲ။ တစ်နဲ့တစ်ပေါင်းရင် နစ်ရတယ် ဆိုတာကိုပဲသိပြီး၊ လေးထဲက နစ်ကိုနုတ်ရင်လည်း နစ်ရတယ်ဆိုတာ မသိတဲ့လူတွေကို ကြိုးချည်ပြီးလွှတ်လိုက်တယ်လို့ ဆိုရပါမယ်။

နိုင်ငံတကာ အကူအညီတွေမှာ ကြိုးတွေ ချည်မထားဘူးဆိုရင် ("provided that there are no strings attached") ကြိုဆိုတယ်လို့ ဗိုလ်ချုပ်သိန်းစိန်က ပြောကြောင်း ကွန်ဖရင့်ကို တက်ရောက်ခွင့်ရခဲ့တဲ့ သတင်းဌာနတွေက ပြန်ပြောပါတယ်။ ကြိုးတွေ ဆိုတာက သူတို့ကို ချည်မယ့် နှောင်ကြိုးတွေကို ဆိုလိုတာပါ။ နှောင်ကြိုးမဲ့ ကူညီခြင်းကို နအဖက ဒီလိုမျိုး အချိန်မှာ မျှော်လင့်နေပုံ ရပါတယ်။

ကိုယ့်ဘက်က မှန်နေသရွေ့၊ တော်နေသရွေ့၊ အရည်အချင်း စစ်မှန်နေသရွေ့ ဘယ်နှောင်ကြိုးမှ လာချည်လို့ မရနိုင်ပါဘူး။ လာချည်ဖို့ ကြိုးစားသူသာ ပြန်ချည်ခံရမှာ ဖြစ်ပါတယ်။ ဒီတော့ နအဖလူတစုဟာ နှောင်ကြိုးကို ကြောက်တတ်တယ်ဆိုတာ အထင်းသား ပေါ်လွင်နေပါပြီ။

အရင်ဆောင်းပါးတွေမှာ နအဖက အကြောက်ကြီး ကြောက်တတ်တာတွေကို ရေးသားခဲ့ဖူးပါတယ်။ အခုတခါ နအဖဆီမှာ"အချည်ခံရမယ့် ကြိုး" ဆိုတဲ့ အကြောက်တရား အသစ်တခု ထပ်တိုးလာနေတယ်ဆိုတာ သိလိုက်ရပါပြီ။ တိုင်းသူပြည်သားတွေအပေါ် ဆိုးဆိုးဝါးဝါး ရက်စက်လွန်းပြီး နိုင်ငံတကာအပေါ် စွာကျယ်ကျယ်နိုင်လျတဲ့ အီရတ်က အာဏာရှင် ဆဒမ်ဟူစိန်နဲ့ သူ့အပေါင်းအပါတွေလည်း နောက်ဆုံးတော့ ကြိုးနဲ့ပဲ ဇာတ်သိမ်းသွားခဲ့ရတာပါပဲ။

မြန်မာလေဘေးဒုက္ခသည်တွေကို အမြန်ဆုံး ကယ်ဆယ်ကူညီဖို့အရေးမှာ နအဖဟာ အလှူရှင်တွေနဲ့ သဘောထားတွေ သိသိသာသာ ကွဲပြားနေပါတယ်။ ဒီလိုနဲ့ပဲ ကွန်ဖရင့်က အဆုံးသတ်သွားခဲ့ပါတယ်လို့ THE NEW YORK TIMES မှာ ရေးသားထားပါတယ်။ ဘာကြောင့် သဘောထားကွဲတာကို မသုံးသပ်ထားပါဘူး။ အမှန်ကိုတော့ လူတိုင်းက ရိပ်မိနိုင်ကြပါတယ်။ နအဖဟာ ကြိုးကို ကြောက်နေတာပါ။

ကွန်ဖရင့်မှာ ဗိုလ်ချုပ်သိန်းစိန်က လေဘေးဒုက္ခ အရေးပေါ် အခြေအနေအဆင့်ဟာ ပြီးဆုံးလွန်မြောက်သွားပါပြီလို့ မဟုတ်မဟပ်ပြောရင်း ဗီဒီယို တခွေကို ထိုးပြပါတော့တယ်။ အဲဒီမှာ ပြထားတာတွေကတော့ မြန်မာနိုင်ငံမှာ ဆန်စပါး အလုံအလောက် ရှိကြောင်း၊ ဒီတော့ ဆန်စပါးလို စားစရာ မလိုအပ်ပဲ ရေရှည်စီမံကိန်းအတွက် တည်ဆောက်ရေးလုပ်ငန်းများလုပ်ဖို့သာ အမေရိကန် ဒေါ်လာ ဘီလျံပေါင်းများစွာ လိုအပ်နေတဲ့အကြောင်းတွေ ပါပဲ။

လူတွေကို ကျွေးမွေးထောက်ပံ့ဖို့ စားစရာနဲ့ ပစ္စည်းတွေ မလိုအပ်တဲ့ အဆင့်ကို ရောက်ရှိနေပါပြီလို့ ဗိုလ်ချုပ်သိန်းစိန်က ပြောရင်း တကယ်လိုအပ်နေတာက တည်ဆောက်ရေးအတွက် ဒေါ်လာငွေတွေပဲ ဖြစ်ပါတယ်လို့ တောင်းနေတာဟာ အင်မတန် ရှက်ဖို့ကောင်းလှပါတယ်။

ကပ်ဘေးကြီးကြုံရလို့ (၃)ပါတ်လောက်ကြာရင် အခြားနိုင်ငံတွေမှာ အရေးပေါ် အခြေအနေအဆင့်ကို လွန်မြောက်တယ်ဆိုတာ ဖြစ်နိုင်ပါလိမ့်မယ်။ အဲဒီနိုင်ငံ အစိုးရနဲ့ ပြည်သူတွေရော၊ နိုင်ငံတကာကပါ

အင်တိုက်အားတိုက် ဝိုင်းဝန်း ကယ်ဆယ်ထောက်ပံ့ကြလို့ ဖြစ်ပါတယ်။ ဥပမာ ဆုနာမိ ရေလှိုင်းဒဏ် ခံလိုက်ရတဲ့ အင်ဒိုနီးရှားနဲ့ ထိုင်းကိုကြည့်ပါ။

နအဖကတော့ သူကိုယ်တိုင်ကလည်း မကူညီ။ အခြားသူတွေ ကူညီတာကိုလည်း ပိတ်ပင်နေတာ ဖြစ်လို့ (၃)ပါတ်ကြာတဲ့အခါမှာ အစာငတ်၊ ရေငတ်၊ ဆေးကုသ မခံရလို့ သေရတဲ့ လူတွေ အများကြီး ရှိနေပါလိမ့်မယ်။ လက်ရှိနှုန်းအတိုင်းဆိုရင် အရေးပေါ် အခြေအနေအဆင့်ဟာ (၃)လနဲ့တောင် ပြီးမယ့်ပုံ မပေါ်ပါဘူး။

မြန်မာနိုင်ငံမှာ အရင်တုန်းက ထမင်းငတ်လို့ သေတဲ့သူ မရှိပါဘူး။ နအဖ အုပ်စိုးတဲ့ခေတ်မှာ ရှိနေပါပြီ။ ရေတပေါက်လောက် မသောက်ရလို့၊ ထမင်းတလုပ် မစားရလို့ သေရတဲ့ လူသေအလောင်းတွေကို အခု လေဘေးမုန်တိုင်း နောက်ဆက်တွဲရဲ့ အထောက်အထား မှတ်တမ်းမှာ တွေ့မြင်နိုင်ပါတယ်။ မြန်မာတနိုင်ငံလုံးမှာ မီဒီယာ လက်လှမ်းမမီလိုက်တဲ့ တောထဲတောင်ထဲ ထွက်ပြေးရင်း ငတ်လို့သေရ သူတွေ နှစ်ပေါင်း (၂၀)လုံးလုံး ဘယ်လောက်များနေခဲ့မလဲဆိုတာ ခန့်မှန်းကြည့်ပါ။ မြန်မာပြည်သူတွေ အပေါ် ထားရှိကျင့်သုံးတဲ့ နအဖရဲ့ သဘောထားအမှန်တခုပါပဲ။

အခု အချိန်မှာ တကမ္ဘာလုံးက နအဖကို အနီးကပ် စောင့်ကြည့်နေလို့ လေဘေးကယ်ဆယ်ထောက်ပံ့ ရေးတွေမှာ ဟန်ပြတော့လုပ်နေပါလိမ့်မယ်။ စတိလောက်တော့ ကျွေးမွေးပြုပါလိမ့်မယ်။ မြန်မာပြည်သူ တွေက ဒုက္ခသည်တွေကို ကူညီနေတာကိုလည်း ယာယီခွင့်ပြုနေပါဦးမယ်။ ဒါပေမယ့် ကမ္ဘာက အခြားနိုင်ငံတခုခုရဲ့ပြဿနာကို အထူးအာရုံစိုက်သွားရင် အဲဒါကို နအဖက အခွင့်ကောင်းယူရင်း ပြည်သူတွေကို နှိပ်ကွပ်ပါလိမ့်မယ်။ နအဖဟာ နိုင်ငံတကာမှာ မျက်နှာပျက်ရတိုင်း ပြည်သူတွေကို ဖိထောင်းပါလိမ့်မယ်။ ဒါဟာ နအဖ လုပ်နေကျဆိုတာ မြန်မာနိုင်ငံထဲက နစ်နာဆုံးရှုံးရသူတိုင်း သိကြ ပါတယ်။ မြန်မာပြည်သူတွေအားလုံး သတိရှိရှိ ကြိုတင်ပြင်ဆင်ထားကြဖို့ အထူးလိုအပ်နေပါပြီ။

"ကြံကြီးစည်ရာ"ဆိုတဲ့အတိုင်းပါပဲ။ ဆန်ဈေးက တအိတ် ကျပ် လေးသောင်းခွဲ ဖြစ်နေချိန်မှာ မြန်မာ တနိုင်ငံလုံးက ပြည်သူတွေကို အငတ်ထားပြီး အနုမြူ စီမံကိန်းကို ပုံအောတော့မလားလို့ တွေးလာရ ပါပြီ။ မြောက်ကိုးရီးယား အာဏာရှင်ခေါင်းဆောင် ကင်ဂျုံအီးနဲ့ နင်လားငါလား အပြိုင်ကြဲတော့မယ့် ပုံပါပဲ။ အနုမြူလက်နက် မရှိတဲ့ အိမ်နီးချင်း နိုင်ငံများ သတိပြုစရာပါ။

နအဖက ပြန်လည်တည်ဆောက်ရေး လုပ်ငန်းတွေအပေါ်မှာ အာရုံစိုက်တာဟာ မလိမ့်တပတ်နဲ့ အသာစီးရအောင် လုပ်နေတာမျိုး ဖြစ်နေသလားလို့ ကျွမ်းကျင်သူအချို့က ပူပင်နေကြပါတယ်။

Rutgers University က မြန်မာ့အရေး ကျွမ်းကျင်လှတဲ့ Josef Silverstein ဆိုသူက သိပ်မကြာ သေးတဲ့ အင်တာဗျူးတခုမှာ "သူတို့ (မြန်မာစစ်ခေါင်းဆောင်တွေ)ဟာ သူတို့လုပ်နေကျ အလုပ်တွေမှာ အဲဒီနိုင်ငံခြားငွေတွေကို သုံးချင်နေတယ်။ သူတို့ဘဏ်စာရင်းထဲမှာ ထည့်ထားချင်တယ်။ ပြီးရင် လက်နက်တွေ ဝယ်မယ်၊ အိမ်တွေ ဝယ်မယ် ဒါမှမဟုတ်လည်း သူတို့လုပ်ချင်တာတွေ လုပ်ဖို့ပဲ ဆိုတာ ကျနော် ယုံကြည်တယ်" လို့ ပြောသွားပါတယ်။

လူတွေ သိန်းနဲ့ချီပြီး အိုးမဲ့အိမ်မဲ့ ဖြစ်နေတာ၊ ထောက်ပံ့ရေး အကူအညီတွေက တကယ်လိုအပ်နေတဲ့ ဒုက္ခသည်ဦးရေ မဆိုစလောက်ဆီကိုသာ ရောက်နေသေးလို့ ဒုက္ခသည်တွေကို လတ်တလော ကူညီဖို့ ကိုပဲ ဦးစားပေးရမှာ ဖြစ်တယ်လို့ သူယုံကြည်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ထုတ်ပြောပါတယ်။ "ဒုက္ခသည်တွေအတွက် သန့်ရှင်းတဲ့ သောက်သုံးရေ၊ ချိုးရေကအစ နေစရာတွေ၊ ဆေးပစ္စည်းတွေ၊ စားစရာတွေအဆုံး အလွန်အမင်းကို လိုအပ်နေပါတယ်"လို့လည်း ဆက်ပြောသွားပါတယ်။

မြန်မာဒုက္ခသည်တွေကို ဘယ်လိုနည်းနဲ့ အမြန်ဆုံး ကယ်ဆယ်ကူညီရမလဲဆိုတာ မြန်မာလူမျိုး မဟုတ်တဲ့ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောနေပါပြီ။ ဒေါ်လာ သန်း (၁၅၀)ကျော်ဖိုး ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းတွေ ကူညီပေးမယ်လို့ ဒီကွန်ဖရင့်မှာ ကတိပေးသွား

ခဲ့ကြတာလည်း မြန်မာမဟုတ်တဲ့ နိုင်ငံတကာက အခြားလူမျိုးတွေပါပဲ။

မြန်မာတွေကရော ကိုယ့်လူမျိုးအချင်းချင်း မကူညီကြဘူးလားလို့ မေးရင်တော့ ခွဲခြားဖြေရပါလိမ့်မယ်။

မြန်မာနိုင်ငံရဲ့အနာဂတ်နိုင်ငံရေးအတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေတဲ့ လူထုဆန္ဒခံယူပွဲလို နိုင်ငံ့အရေးကိုတောင်  ဘေးချိတ်ပြီး လေဘေးဒုက္ခသည်တွေကို မရှိအတူ ရှိအတူ မျှဝေကျွေးမွေး ထောက်ပံ့ကူညီနေသူတွေ တနိုင်ငံလုံးမှာ တကယ့်ကို အများကြီး ရှိနေပါတယ်။ တကယ့်ကို လက်တွေ့ကျကျ ကူညီနေကြပါတယ်။

အခြားတဖက်မှာတော့ အသက်မသေ ကျန်ရစ်နေခဲ့တဲ့ ဒုက္ခသည်တွေကို မြန်မြန်သေမှ အေးတယ်လို့ သဘောထားပြီး အကူအညီမပေး၊ အခြားသူတွေက ပေးလာမယ့် အကူအညီကိုလည်း တားမြစ် ပိတ်ပင်နေတဲ့ မြန်မာလူမျိုးတွေလည်း ရှိနေပါတယ်။ သူတို့ကိုယ်သူတို့ နိုင်ငံချစ်လှချည်ရဲ့၊ လူမျိုး ချစ်လှချည်ရဲ့လို့ တတွင်တွင်အော်ရင်းကနေ ဒီလိုမျိုး ကပ်ဘေးကြီး ဆိုက်နေချိန်မှာတောင် သူတို့ အာဏာမြဲအောင်လုပ်ဖို့ နိုင်ငံရေး အကွက်ကောင်းပဲလို့ တလွဲဆံပင်ကောင်းပြီး ကိုယ်ကျိုးရှာ သလောက် "ကြိုး"ကြောက်နေတဲ့ နအဖခေါင်းဆောင် တပ်မတော်အရေခြုံ အာဏာရှင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့ နောက်လိုက်တစုတို့ပါပဲ။

ကိုးကားသတင်း - Weeks After Cyclone in Myanmar, Even Farmers Wait for Food By THE NEW YORK TIMES

လွင်အောင်စိုး

၂၇ မေလ ၂၀၀၈